
Kids of Destiny
Reaching the Next Generation
www.kidsofdestiny.org

# ဘုရားသခင်အတွက်အိမ်တော် 4.13

## ဓမ္မရာဇဝင်တတိယစာစောင် ၅၊ ၈

**တဲတော်**

လွန်ခဲ့သောနှစ်ပေါင်းများစွာက မောရှေဟာ သဲကန္တာရကိုဖြတ်ပြီး ကတိတော်ထားရာပြည်တော်ကိုသွားဖို့ ဣသရေလလူမျိုးတွေကို ဦးဆောင်ခဲ့တဲ့အချိန်မှာ ဘုရားသခင်က သူ့ကို တဲတော်ဆောက်ဖို့ ညွှန်ကြားမှုတွေပေးခဲ့တယ်။ တဲတော်ဆိုတာ "ကိန်းဝပ်ရာအရပ်" လို့အဓိပ္ပါယ်ရပြီး ဘုရားသခင်ရဲ့အိမ်တော် ဖြစ် တယ်။ ဒါဟာ ပထမဆုံးဆောက်ခဲ့ဖူးတာလည်းဖြစ်တယ်။ မောရှေက ဣသရေလလူမျိုးတွေကို "ဒါဟာ ထာဝရဘုရား အမိန့်ပေးခဲ့တာဖြစ်တယ်" လို့ပြော တယ်။ မောရှေဟာ တဲတော်လုပအောင်ပြင်ဆင်ဖို့အတွက် သူတို့ရဲ့ ရွှေ၊ ငွေ၊ အဖိုးတန် ဝတ်စုံတွေ၊ သစ်သား၊ ကျောက်မျက်ရတနာတွေနဲ့ မီးရှို့ပူဇော်ရာအမွှေးနံ့ သာအမျိုးမျိုးကို ယူဆောင်လာခိုင်းတယ်။ မောရှေဟာ ဆောက်လုပ်တဲ့နေရာမှာ ကျွမ်းကျင်တဲ့လူတွေကို ကူခိုင်းတယ်။ လူတွေဟာ ဒီကြီးမားတဲ့စီမံကိန်းမှာ ပါ ဝင်ခွင့်ရတဲ့အတွက်ကြောင့် အရမ်းစိတ်လှုပ်ရှားကြတယ်။ သူတို့ဟာ ကျောက်မျက်ရတနာတွေ၊ အဝတ်အစားတွေ၊ ကျောက်မျက်ရတနာ နဲ့ သစ်သားတွေ အများကြီး ယူလာကြတော့ မောရှေက "တော်ပြီ။ ဘုရားသခင်အတွက် အံ့အားသင့်တဲ့နေရာလုပ်ဖို့ လုံလောက်ပြီ" လို့ ပြောယူရတယ်။

တဲတော်ဆောက်ဖို့ ရက်အများကြီးကြာခဲ့တယ်။ မတူတဲ့အခန်းတွေရှိတယ်။ ယဇ်ပူဇော်ဖို့နဲ့ ပူဇော်သက္ကာပေးဖို့နေရာတွေရှိတယ်။ ဘုရားသခင်ရဲ့မျက်မှောက် တော်အတွက် နေရာသီးသန့်တစ်ခုလည်းရှိတယ်။ ဘုရားသခင်က မောရှေကို ပေးခဲ့တဲ့ ပညတ်တော် ၁၀ ပါး အတွက် (ပဋိညာဉ်သေတ္တာတော် လို့လဲခေါ်တယ်) နေရာသီးသန့်လည်းရှိတယ်။ ဘုရားသခင်ရဲ့လူမျိုးတော်တွေဟာ ကတိတော်ပြည်ကို သွားတဲ့အချိန်မှာ ဒီတဲတော်ကို ရွှေ့လို့ရအောင် ဆောက်ခဲ့ကြတယ်။

တဲတော်ဆောက်ပြီးသွားတဲ့အချိန်မှာ၊ ထာဝရဘုရားရဲ့ဘုန်းတော်ဟာ တဲတော်ထိပ်မှာ ရပ်နားနေတဲ့မိုဃ်းတိမ်လိုပဲ တဲတော်ထဲကို ဝင်ရောက်ခဲ့တယ်။ မိုဃ်း တိမ်ဟာအရမ်းထူတဲ့အတွက်ကြောင့် မောရှေဟာအထဲကိုဝင်လို့မရခဲ့ဘူး။ သူ့ရဲ့မျက်မှောက်တော်ကို အသုံးပြုပြီး ဣသရေလလူတွေကို လမ်းပြပေးတဲ့ နည်း လမ်း ဘုရားရှင်ဆီမှာရှိခဲ့တယ်။ ဘုရားသခင်ရဲ့မျက်မှောက်တော်ဖြစ်တဲ့ မိုဃ်းတိမ်က တဲတော်အပေါ်ကနေ မရှိတော့တဲ့အချိန်မှာတော့ လူတွေက ခရီးလမ်းမှာ နောက်တစ်နေရာကို သွားဖို့အချိန်တန်ပြီလို့သိကြတယ်။ မိုဃ်းတိမ်က တဲတော်အပေါ်မှာ ရှိတဲ့အချိန်မှာတော့ အဲဒီနေရာမှာ မိုဃ်းတိမ်ရွေ့တဲ့အထိ နေကြ တယ်။ ဘုရားသခင်ရဲ့မိုဃ်းတိမ်က တဲတော်ပေါ်မှာ နေ့အချိန်အရိပ်လို၊ ညအချိန် မှောင်မိုက်ထဲမှာ ခရီးဆက်ဖို့ မီးလို အလင်းပြဖို့ ရှိနေခဲ့တယ်။

**အိမ်တော်**

နှစ်ပေါင်းများစွာကြာပြီးနောက်၊ ဒါဝိဒ်ဟာ ဣသရေလရှင်ဘုရင်ဖြစ်တဲ့အချိန်မှာ သူက ဘုရားသခင်အတွက် အိမ်တော်ဆောက်ချင်ခဲ့တယ်။ အိမ်တော်ဆိုတာ ဟာ ဘုရားသခင်အတွက် အခြားသောအိမ်တော်တစ်မျိုးဖြစ်တယ်။ ဒီအိမ်တော်ဟာ တဲတော်လိုရွှေ့လို့ရတာမျိုး မဟုတ်ဘဲ တစ်နေရာတည်းမှာပဲရှိနေမယ့် အိမ်တော်ဖြစ်တယ်။ ထာဝရအရှင်ဘုရားသခင်ရဲ့အိမ်တော်ကို ဆောက်ချင်တဲ့အကြောင်း ဒါဝိဒ်က ဘုရားသခင်ကိုပြောခဲ့တယ်။ ဒါပေမယ့် ဘုရားသခင်က ဒါဝိဒ်ကို "သင့်နောက်တွင် ရာဇပလ္လင်ထိုင်မည့် သင်၏သားသည် ငါ့နာမအဘို့အိမ်တော်ဆောက်လိမ့်မည်။" လို့ ပြောခဲ့တယ်။

ရှောလမုန်ဟာ ဒါဝိဒ်ရဲ့သားဖြစ်တယ်။ ရှောလမုန်ဟာ ဣသရေလလူမျိုးရဲ့ရှင်ဘုရင်ဖြစ်လာတဲ့အချိန်မှာ ဘုရားသခင်က သူ့ကို ကြီးမားတဲ့ ဥာဏ်ပညာတော် ပေးခဲ့တယ်။ အိမ်တော်ကိုဆောက်ဖို့ သစ်ပင်အမျိုးမျိုးကလာတဲ့ သစ်သားတွေကို ယူလာခဲ့ဖို့ ရှောလမုန်က မြို့ကအမျိုးသားတွေကို ပြောတယ်။ အိမ်တော်ရဲ့ အစိတ်အပိုင်းဖြစ်ဖို့ သယ်ဆောင်လာတဲ့ ကျောက်တုံးအကြီးကြီးတွေလည်းရှိတယ်။ အိမ်တော်ဟာ ကြီးမားပြီး ရှည်လျားတဲ့အဆောက်အအုံနဲ့ အခန်းပေါင်း များစွာရှိဖို့ ဆောက်ခဲ့ကြတယ်။ ဘုရားသခင်က ရှောလမုန်ကို "ငါ၏ပညတ်တော်အားလုံးတို့ကို သင်စောင့်ရှောက်လျှင် ဣသရေလအထဲတွင် ငါနေ၍ မည်သည့်အခါမှ ငါ၏လူမျိုးကို မစွန့်ခွါ။" ဆိုတဲ့ ဒီကတိတော်ကို ပေးခဲ့တယ်။

အိမ်တော်ကိုဆောက်ဖို့ ခုနှစ်နှစ်ကြာခဲ့တယ်။ ပြီးတဲ့အချိန်မှာ ယဇ်ပုရောဟိတ်တွေဟာ ဣသရေလလူမျိုးတွေ ခရီးသွားစဉ်က တဲတော်မှာရှိတဲ့ ပဋိညာဉ် သေတ္တာတော်ကို ပြန်သယ်လာကြပြီး အိမ်တော်မှာထားခဲ့ကြတယ်။ အဲ့အချိန်မှာ ဘုရားသခင်ရဲ့မျက်မှောက်တော်ဟာ ထူထပ်တဲ့ မိုဃ်းတိမ်လိုလာပြီး အိမ် တော်ကိုလွှမ်းမိုးစေခဲ့တယ်။ မိုဃ်းတိမ်ဟာအရမ်းထူတဲ့အတွက်ကြောင့် ယဇ်ပုရောဟိတ်တွေဟာ သူတို့လုပ်ဆောင်ရမယ့်အမှုတော်ကို ပြီးအောင် မလုပ်နိုင်ခဲ့ ဘူး။ ရှောလမုန်က သူ့လက်များကို မြှောက်ပြီးဒီလိုဆုတောင်းတယ် "အိုဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရား၊ အထက်ကောင်းကင်ဘုံနှင့် အောက် အရပ်မြေကြီးပေါ်မှာ ကိုယ်တော်နှင့်တူသော ဘုရားတဆူမျှမရှိပါ။ ဤအရပ်၌ာနေ၌ ယနေ့ကြွေကြော်လျက်ပဌနာပြု၍တောင်းလျှောက်သော စကားကို အစဉ် အမြဲနားငြောင်းတော်မူပါ။ ဤအရပ်၌ာနေ၌ အကျွန်ုပ်နှင့် ကိုယ်တော်၏ဣသရေလလူမျိုးတော် တောင်းလျှောက်သောစကားသံများကို နားငြောင်းတော်မူပါ။ ကိန်းဝပ်တော်မူရာကောင်းကင်ဘုံ၌ နားထောင်၍ အပြစ်မှလွှတ်တော်မူပါ။"

# ဘုရားသခင်အတွက်အိမ်တော် - ဆရာလမ်းညွှန် 4.13

Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.com

## ဓမ္မရာဇဝင်တတိယစာစောင် ၅၊ ၈

### အဓိကအချက်များ

1) ဘုရားသခင်အတွက်ဆောက်လုပ်တဲ့ ပထမဆုံးအိမ်တော်ကို တဲတော်လို့ခေါ်တယ်။ ဘုရားသခင်က မောရှေကို ဆောက်ဖို့အတွက် ညွှန်ကြားချက်တွေ ပေးခဲ့တာဖြစ်တယ်။ ဣသရေလလူမျိုးတွေအားလုံးက ဝိုင်းဝန်းကူညီချင်ကြတယ်။
2) တဲတော်ကိုဆောက်ဖို့ ယူဆောင်လာကြတဲ့အရာတွေများလွန်းလို့ မောရှေက သူတို့ကို ထပ်မယူလာဖို့ပြောရတယ်။ တဲတော်အထဲမှာ မတူညီတဲ့အခန်း တွေရှိတယ်။ တစ်နေရာက ပဋိညာဉ်သေတ္တာတော်အတွက်ဖြစ်ပြီး ဘုရားသခင်က မောရှေကိုပေးခဲ့တဲ့ ပညတ်တော် ၁၀ ပါးကို ထားဖို့ဖြစ်တယ်။
3) တဲတော်ဆောက်လို့ပြီးသွားတဲ့အချိန်မှာ ဘုရားမျက်မှောက်တော်က ဆင်းသက်လာပြီးတဲတော်ကိုလွှမ်းမိုးခဲ့တယ်။ မိုဃ်းတိမ်က တဲတော်အပေါ်မှာ နား နေခဲ့တယ်။ မိုဃ်းတိမ်က တဲတော်အပေါ်နားတဲ့အချိန်မှာ ဣသရေလလူမျိုးတွေဟာ သူတို့ရှိနေတဲ့နေရာမှာပဲ နေကြတယ်။ တဲတော်အပေါ်ကနေ မိုဃ်း တိမ်ရွေ့ရင် ဒါဟာဘာအဓိပ္ပါယ်ဆောင်လဲဆိုတော့ ဣသရေလလူမျိုးတွေဟာ သူတို့ခရီးလမ်းကို ဆက်သွားဖို့ဖြစ်တယ်။ တဲတော်ကို ချီမပြီး တစ်နေရာ ကနေ တစ်နေရာရွှေ့လို့ရတယ်၊ တဲတော်ဟာ ဣသရေလလူမျိုးတွေနဲ့အတူ သူတို့ကတိတော်ပြည်ကိုသွားတဲ့လမ်းတစ်လျှောက်အမြဲရှိနေတယ်။
4) နှစ်ပေါင်းများစွာကြာပြီးနောက်ပိုင်းမှာ ရှင်ဘုရင်ရှောလမုန်က ယေရုရှလင်မှာ ဘုရားအတွက်အိမ်တော်နောက်တစ်လုံး ဆောက်ပေးခဲ့တယ်။ ဒီအိမ်ကို အိမ်တော်လို့ခေါ်တယ်။ အိမ်တော်ကို တစ်နေရာတည်းမှာပဲရှိဖို့ ဆောက်ခဲ့ကြတယ်။ အိမ်တော်ကို သစ်အမျိုးမျိုးနဲ့ဆောက်လုပ်ပြီး ကျောက်တုံး အမျိုး မျိုးလည်း ပါခဲ့တယ်။
5) ပဋိညာဉ်သေတ္တာတော်ကို အိမ်တော်ထဲ ယူဆောင်လာတဲ့အခါမှာ ဘုရားသခင်ရဲ့မျက်မှောက်တော်က တိမ်ထုတစ်ခုလိုဆင်းသက်လာပြီး အိမ်တော်ကို ပြည့်စေတယ်။ ရှင်ဘုရင်ရှောလမုန်က ဘုရားသခင်ကိုချီးမွမ်းပြီး "အထက်ကောင်းကင်ဘုံနှင့် အောက်အရပ်မြေကြီးပေါ်မှာ ကိုယ်တော်နှင့်တူသော ဘုရားတဆူမျှမရှိပါ။" လို့ ကြွေးကြော်ခဲ့တယ်။

### မေးခွန်းများ

1) ဘုရားသခင်အတွက် ပထမဆုံးအိမ်တော်ကို ဘယ်လိုခေါ်သလဲ?
2) တဲတော်မှာ ဘာလို့ တိုင်တွေရှိတာလဲ?
3) ဘုရားသခင်ရဲ့မျက်မှောက်တော်ဆင်းသက်တဲ့အချိန်မှာ ဘာတွေက ဆင်းသက်လာလဲ?
4) မိုဃ်းတိမ်က တဲတော်အပေါ်မှာ နားနေတဲ့အချိန်မှာ ဣသရေလလူမျိုးတွေဘာလုပ်ကြလဲ? တဲတော်အပေါ်ကနေ မိုဃ်းတိမ်ရွေ့သွားတော့ သူတို့ဘာလုပ် ကြလဲ?
5) ဘုရားသခင်အတွက် အိမ်ကို ရှင်ဘုရင်ရှောလမုန်က ဆောက်ခဲ့တဲ့အချိန်မှာ အဲဒါကို ဘာလို့ခေါ်လဲ?
6) အိမ်တော်က တဲတော်နဲ့ ဘာကွာခြားမှုရှိလဲ?

### အဖြေများ

1) ဘုရားသခင်အတွက် ပထမဆုံးအိမ်တော်ကို တဲတော်လို့ခေါ်တယ်။
2) တဲတော်မှာ တိုင်တွေရှိနေရတဲ့အကြောင်းက ဣသရေလလူမျိုးတွေ ခရီးလမ်းသွားတဲ့အချိန်မှာ တဲတော်ကို ချီမပြီး တစ်နေရာကနေတစ်နေရာ ရွှေ့နိုင်ဖို့ ဖြစ်တယ်။
3) ဘုရားသခင်ရဲ့မျက်မှောက်တော်က တဲတော်အပေါ် ဆင်းသက်လာတဲ့အချိန်မှာ မိုဃ်းတိမ်ဟာလည်း ဆင်းသက်လာပြီး တဲတော်အပေါ်မှာနားနေတယ်။
4) မိုဃ်းတိမ်က တဲတော်အပေါ်မှာ နားနေတဲ့အခါ၊ ဣသရေလလူမျိုးတွေ သူတို့ရှိနေတဲ့နေရာမှာပဲနေကြဖို့ အဓိပ္ပါယ်သက်ရောက်တယ်။ တဲတော်အပေါ်မှာ မိုဃ်းတိမ်မရှိတော့ဘူးဆိုရင် သူတို့ခရီးလမ်းကို ဆက်သွားကြဖို့ အဓိပ္ပါယ်သက်ရောက်တယ်။
5) ရှင်ဘုရင်ရှောလမုန်က ဘုရားသခင်အတွက် အိမ်ဆောက်တဲ့အချိန်မှာ အဲဒီအိမ်ကို အိမ်တော်လို့ခေါ်တယ်။
6) အိမ်တော်က တဲတော်နဲ့ဘာကွာခြားမှုရှိလဲဆိုတော့ အိမ်တော်က တစ်နေရာတည်းမှာပဲရှိပေမယ့် တဲတော်က ဣသရေလလူမျိုးတွေ ကတိတော်ပြည်ကို သွားတဲ့အချိန်မှာ ရွှေ့လို့ရတယ်။




www.kidsofdestiny.org